# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၂)

## လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များနှင့် လမ်းကြောင်းနှစ်သွယ်

### ဆိုလိုရင်းအနှစ်ချုပ်

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းတွေကို တစိုက်မတ်မတ်လုပ်ကြတဲ့ နိုင်ငံတကာအဖွဲ့တွေကို ယေဘုယျအားဖြင့် အုပ်စုအမျိုးအစားနှစ်ခု ခွဲခြားနိုင်ပါတယ်။ ပထမတခုက နိုင်ငံတကာ ကြက်ခြေနီအသင်းကို တည်ထောင်ခဲ့သူ Henry Dunant ရဲ့ အယူအဆကို လက်ခံကျင့်သုံးတဲ့အုပ်စု ဖြစ်ပါတယ်။ ဒီအုပ်စုမှာပါတဲ့ အဖွဲ့တွေက လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းတွေကို လုပ်တဲ့အခါ နိုင်ငံရေးနဲ့ ရောယှက်မစဉ်းစားဘဲ ပဋိပက္ခအတွင်း အကူအညီ လိုအပ်နေသူတွေအရေးကိုပဲ ဦးစားပေး ဆောင်ရွက်လေ့ရှိပါတယ်။ သူတို့ရဲ့ လုပ်ငန်းစဉ်တွေက ဘက်လိုက်မှု၊ ခွဲခြားမှု ကင်းရှင်းပြီး ကြားနေသဘောနဲ့ အမှီအခိုကင်းကင်း လုပ်ကြပါတယ် (Barnett, 2005)။ နယ်စည်းမထားဆရာဝန်များအဖွဲ့ (MSF) နဲ့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) လို အဖွဲ့အစည်းတွေဟာ ဒီအယူအဆအတိုင်း လုပ်လေ့ရှိပါတယ်။

ဒုတိယအမျိုးအစားက လူတွေကြုံနေရတဲ့ ဘေးဒုက္ခအကျပ်အတည်းတွေကို ထိထိရောက်ရောက် ဖြေရှင်းနိုင်ဖို့ဆိုရင် အထောက်အပံ့ပေးတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ကပ်ဘေးဒဏ်ခံနေရတဲ့ နိုင်ငံရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအုတ်မြစ်တွေကိုပါ ပြုပြင်ပြောင်းလဲနိုင်ဖို့ လိုအပ်တယ်ဆိုတဲ့ ယူဆချက်ကို အခြေပြု ကျင့်သုံးပါတယ် (Barnett, 2005)။ ဒါက အမေရိကန်သမ္မတဟောင်း Woodrow Wilson ရဲ့လမ်းစဉ် ဖြစ်ပါတယ်။ ဒီယူဆချက်ကို လက်ခံကျင့်သုံးတဲ့ အဖွဲ့တွေဟာ အရေးပေါ် အကူအညီပေးရေး လုပ်ငန်းတွေအပြင် ဒေသဖွံ့ဖြိုးရေးနဲ့ လူသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေကိုပါ ယှဉ်တွဲလုပ်ကြပါတယ်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၊ နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီ (IRC)၊ CARE၊ Oxfam နဲ့ World Vision တို့လို အဖွဲ့အစည်းတွေက ဒီယူဆချက်အတိုင်း လုပ်လေ့ရှိပါတယ်။

ကမ္ဘာအရပ်ရပ်က လူသားလုံခြုံရေးကဏ္ဍအပေါ်စိန်ခေါ်မှုဖြစ်စေတဲ့ ဘေးဒုက္ခ အကျပ်အတည်းတွေကို ကူညီဆောင်ရွက်တဲ့အခါ ဒီလမ်းနှစ်သွယ်အနက် ဘယ်နည်းလမ်းက ပိုအလုပ်ဖြစ်သလဲဆိုတာ သုတေသီတွေအကြား အကျယ်တဝင့် လေ့လာဆွေးနွေးကြပါတယ်။ ပဋိပက္ခကြောင့် ဆက်နွှယ်ဖြစ်ပေါ်လာတဲ့ ကပ်ဘေးတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်အပြင်နိုင်ငံရေးကိုပါယှဉ်တွဲစဉ်းစားလေ့ရှိတဲ့အချက်ကအာရုံစိုက်စရာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ စစ်အာဏာသိမ်းပြီးနောက် တိုင်းရင်းသားဒေသတွေအတွင်း စစ်ကောင်စီနဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေအကြား လက်နက်ကိုင်ပဋိပက္ခတွေ ပိုမိုကြီးထွားလာပါတယ်။ ဒါ့အပြင် ဒေသအချို့မှာလည်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ အာဏာသိမ်း စစ်ကောင်စီတို့အကြား အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလာပြီး စစ်ဘေးရှောင်ပြည်သူတွေလည်း များပြားလာပါတယ်။ တခါ ရှိရင်းစွဲ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စိန်ခေါ်ချက်တွေအပြင် ကိုဗစ်-၁၉ တတိယလှိုင်း ကူးစက်နှုန်းလည်း မြင့်မားလာပါတယ်။ တချိန်တည်းမှာပဲ စစ်အာဏာသိမ်းမှုကြောင့် ဖြစ်လာတဲ့ နောက်ဆက်တွဲ အခြေအနေတွေကို အကြောင်းပြုပြီး နိုင်ငံအတွင်းရှိ လူဦးရေ သုံးသန်းခွဲလောက်ဟာ လာမယ့်လတွေအတွင်း အငတ်ဘေး ဆိုက်နိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) က ခန့်မှန်းထားပါတယ်။ ဒီအခါမှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး ကိစ္စတွေက အရေးကြီးလာပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၂)

## လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များနှင့် လမ်းကြောင်းနှစ်သွယ်

### ဘာကြောင့် အလေးထားသင့်လဲ

အာဏာရှင်နိုင်ငံတွေမှာ ပဋိပက္ခအကျပ်အတည်း အမျိုးမျိုးကြောင့် ပေါ်ပေါက်လာတဲ့ ကပ်ဘေးဒုက္ခတွေကို နိုင်ငံတကာအသိုက်အဝန်းက အကူအညီပေးနိုင်ဖို့ကြိုးပမ်းကြတဲ့အခါ အုပ်စိုးသူတွေဘက်က တုံ့ပြန်ပုံတွေကို သတိပြု အလေးထားသင့်ပါတယ်။ အထူးသဖြင့် လူ့အဖွဲ့အစည်းအတွင်း အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာကိစ္စရပ်တွေ ဖော်ဆောင်နိုင်ဖို့ အပူတပြင်း လိုအပ်လာတဲ့အခါ အာဏာရှင်တွေအဖို့ နိုင်ငံရေးစနစ်နဲ့ ထဲထဲဝင်ဝင် ပတ်သက်မှုမရှိတဲ့ ကျန်းမာရေးကဏ္ဍလို ကိစ္စရပ်တွေအတွက်ပဲ ပူးပေါင်းဆောင်ရွက်လေ့ရှိကြတာက သတိပြုစရာတခု ဖြစ်ပါတယ်။ လူသားလုံခြုံရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်တဲ့ ကျန်းမာရေးဝန်ဆောင်မှု၊ အစားအသောက်နဲ့ ဆေးဝါးတွေ လက်လှမ်းမီရရှိနိုင်ဖို့ကလည်း အရေးတကြီးလိုအပ်ပါတယ်။ ဒါပေမဲ့ ဒီအကူအညီတွေကို ဘယ်သူကပေးတာလဲ (ဝါ) ဘယ်သူကတဆင့်ပေးတာလဲ ဆိုတာမျိုးကလည်း အရေးကြီးပါတယ်။ ဥပမာ- ကျူးကျော်နယ်ချဲ့တဲ့ နိုင်ငံရဲ့စစ်တပ်က ဒေသခံပြည်သူတွေကို ဆေးပေးဝေမယ်ဆိုရင် ဒေသခံတွေက နှစ်သက်ကြည်ဖြူ လက်ခံယူချင်ပါ့မလား။ တခါ အကူအညီပေးတဲ့ အရင်းခံ စိတ်စေတနာကလည်း အရေးပါပြန်ပါတယ်။ ဥပမာ- အာဏာရှင်တွေက ထောက်ပံ့ကြေးပေးတာဟာ နိုင်ငံရေးအမြတ်ထုတ်ဖို့ဆိုရင် အာဏာရှင်ဆန့်ကျင်တဲ့ ပြည်သူတွေက ဒီအကူအညီယူပြီး အာဏာရှင်တွေ လူရာဝင်စေမယ့် အရေးကိုတော့ မလုပ်ချင်ဘူးဆိုတဲ့ခံယူချက်မျိုး ရှိနေမှာပါပဲ။ ဘယ်သူပေးပေး၊ ဘာကြောင့်ပေးပေး ယူမယ်ဆိုသူတွေရှိနိုင်သလို မယူဘူးဆိုတာမျိုးလည်း ရှိတဲ့အခါ လူသားချင်းစာနာမှု အကူအညီပေးတာဟာ အားလုံးကို ညီတူညီမျှအကျိုးပြုတယ်လို့ မှတ်ယူဖို့ ခက်လာပါတယ်။ ဒါကြောင့် နိုင်ငံရေးပဋိပက္ခတွေနဲ့ ဆက်နွှယ်လာတဲ့ အကူအညီဆိုတိုင်း သန့်စင်တဲ့ ပရဟိတသက်သက်လို့ မြင်ဖို့ခက်ပါတယ်။ အရင်းခံအကြောင်းတရားဖြစ်တဲ့ နိုင်ငံရေးပဋိပက္ခတွေကိုပါ တစိတ်တပိုင်း ဆက်နွှယ်ဖြေရှင်းနိုင်မယ့် အရေးပေါ် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းစဉ်တွေ ဖော်ဆောင်နိုင်ဖို့ အရေးကြီးတယ်ဆိုတဲ့ ရှုမြင်ပုံဟာ အလေးထားသင့်ပါတယ်။

**၅၉၅,၅၀၀+**

**စစ်ဘေးဒုက္ခသည် ခြောက်သိန်းနီးပါးရှိလာ**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်
စစ်အာဏာသိမ်းမှုနောက်ပိုင်း
စစ်ဘေး ဒုက္ခသည် ၂၂၈,၀၀၀ ကျော်
တိုးလာပြီး အာဏာမသိမ်းခင်အချိန်က
၃၆၇,၅၀၀ ကျော်ရှိခဲ့သဖြင့် စုစုပေါင်း
ခြောက်သိန်းနီးပါး ဖြစ်လာသည်။


### မြန်မာနိုင်ငံနှင့် ဆီလျော်သလား

စစ်ကောင်စီရဲ့ အာဏာသိမ်းမှုအပြီး မြန်မာနိုင်ငံမှာ လက်နက်ကိုင်ပဋိပက္ခတွေ ပိုများပြားလာပြီး စစ်ဘေးရှောင်ပြည်သူအရေအတွက် ၂၀၀,၀၀၀ ကျော်အထိ ရှိလာပါတယ်။ နဂိုရှိပြီးသား စစ်ဘေးရှောင်အရေအတွက်အပါအဝင်ဆိုရင် မြန်မာနိုင်ငံရဲ့ လူဦးရေခြောက်သိန်းနီးပါးဟာ စစ်ဘေးကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရပါတယ်။ ဒ့ါအပြင် ရခိုင်ဒေသတွင်း ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးနေရသူ ရိုဟင်ဂျာတသိန်းကျော် အပါအဝင် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းမှာ ရှိနေသူတွေပါပေါင်းရင် ရိုဟင်ဂျာ ဒုက္ခသည်ပေါင်း တသန်းကျော်လည်း ရှိနေပါတယ်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၂)

## လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များနှင့် လမ်းကြောင်းနှစ်သွယ်

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း တိုးလာသော စစ်ဘေးရှောင်ဒုက္ခသည်များ




စစ်အာဏာမသိမ်းမီကတည်းက ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ စစ်ဘေးဒုက္ခသည် စုစုပေါင်း ၃၆၇,၅၀၀ ကျော်ရှိခဲ့သည်။ ယခု ထပ်မံဖြစ်ပွားလာသော တိုက်ပွဲများကြောင့် ရခိုင်ပြည်နယ်မှအပ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် စစ်ဘေးဒုက္ခသည်အရေအတွက် ပိုများလာသည်။ ထို့အပြင် စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ကယားပြည်နယ်တို့တွင် စစ်ဘေးဒုက္ခသည်အသစ်များ ရှိလာပြီး စုစုပေါင်း စစ်ဘေးဒုက္ခသည် ၂၂၈,၀၀၀ ကျော်အထိ ဖြစ်လာသည်။

ကိုးကား - UNOCHA Myanmar, RFA Burmese, Myanmar NOW

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၂)

လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များနှင့် လမ်းကြောင်းနှစ်သွယ်

### ■ အကူအညီပေးရေး အဖွဲ့အစည်းများအပေါ် အာဏာသိမ်းစစ်ကောင်စီ၏ တုံ့ပြန်မှုအချို့

**မေ ၁၉ ၊ ၂၀၂၃**
ကချင်ပြည်နယ်ရှိ IDPs များကို ကူညီဆောင်ရွက်ပေးနေသော ဆရာဝန်များနှင့် အရပ်သားများ ဖမ်းဆီးခံရ။

**မေ ၂၀ ၊ ၂၀၂၃**
မင်းတပ်မြို့နယ်ရှိ IDPs များကိုကူညီရန် ကလေးမြို့နယ်၌ အလှူငွေလာထုတ်သော အရပ်သားတဦး ဖမ်းဆီးခံရ။

**မေ ၂၇ ၊ ၂၀၂၃**
ကယားပြည်နယ်ရှိ IDPs များအတွက် အထောက်အပံ့ပစ္စည်းများ ကူညီပေးသော အရပ်သားနှစ်ဦး ပစ်ခတ်ခံရ။

**မေ ၂၈ ၊ ၂၀၂၃**
IDPs များအတွက် အကူအညီပေးနေသော လွိုင်ကော်မြို့နယ်မှ အရပ်သားသုံးဦး ပျောက်ဆုံးနေ။

**ဇွန် ၂ ၊ ၂၀၂၃**
IDPs များအတွက် အကူအညီပေးနေသော မင်းတပ်မြို့နယ်မှ အရပ်သားလေးဦး ဖမ်းဆီးထိန်းသိမ်းခံရ။

**ဇွန် ၃ ၊ ၂၀၂၃**
အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) အဖွဲ့ အကြီးအကဲနှင့် အာဏာသိမ်းစစ်ကောင်စီတို့ တွေ့ဆုံ၊ မြန်မာနိုင်ငံ၏ အကျဉ်းထောင်များသို့ ပြန်လည်သွားရောက်ခွင့်ပြုရန်နှင့် ပဋိပက္ခဖြစ်ရာဒေသများ၌ လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများ ပိုမိုရရှိစေရန် ICRC ဘက်မှ တောင်းဆို။

**ဇွန် ၉ ၊ ၂၀၂၃**
နယ်စည်းမထားဆရာဝန်များအဖွဲ့ (MSF) ၏ တနင်္သာရီတိုင်း၊ ထားဝယ်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရပ်ဆိုင်းထားရန် စစ်ကောင်စီဘက်မှ ဟန့်တား။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၂)

## လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များနှင့် လမ်းကြောင်းနှစ်သွယ်

အခုအချိန်မှာ တိုးမြင့်လာတဲ့ စစ်ဘေးရှောင်ဒေသတွေနဲ့ စခန်းတွေမှာ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုတွေ နည်းပါးနေရုံသာမက သောက်သုံးရေကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါတွေလည်း ဖြစ်ပွားနေပါတယ်။

ဒါ့အပြင် အာဏာသိမ်းပြီးနောက် ကျန်းမာရေးကဏ္ဍ ပြိုဆင်းလာမှုနဲ့အတူ ပြီးခဲ့တဲ့ ဇွန်လကစပြီး ကိုဗစ်ပိုးတွေ့နှုန်းက ပြန်မြင့်လာပါတယ်။ ဇွန် ၁၃ ရက် ထုတ်ပြန်ချက်အရ တရက်အတွင်း ကိုဗစ်ပိုးစစ်ဆေးမှု ၂၉၀၂ ခုအနက် ၃၇၃ ယောက်မှာ ပိုးတွေ့ရှိပြီး ကူးစက်နှုန်း ၁၃ ရာခိုင်နှုန်းအထိ ရောက်လာပါတယ်။ ဒါဟာ စစ်အာဏာသိမ်းပြီးနောက် တရက်အတွင်း ပိုးတွေ့ရှိမှုနှုန်း အများဆုံးဖြစ်ပါတယ်။ တခါ အခြား ကူးစက်ရောဂါတွေရဲ့ ကာကွယ်ကုသရေး လုပ်ငန်းတွေမှာလည်း ယိုယွင်းမှုတွေ ရှိလာပါတယ်။ အထူးသဖြင့် တီဘီရောဂါတိုက်ဖျက်ရေးနဲ့ အိပ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် လူနာတွေအတွက် အေအာရ်တီဆေး ပေးဝေနိုင်မှုတွေမှာ ကြီးမားတဲ့စိန်ခေါ်မှုတွေ ရှိလာပါတယ်။

ပြည်တွင်းနဲ့ နိုင်ငံတကာက အကူအညီပေးရေး အဖွဲ့အစည်းတွေကို အုပ်ချုပ်ရေးယန္တရားအပေါ် အနှောင့်အယှက်ပြုသူတွေအဖြစ် စစ်အစိုးရအဆက်ဆက်က ရှုမြင်ခဲ့ကြပါတယ်။ အခုလည်း ဒီအမြင်ဟာ ပြောင်းလဲသွားပုံ မရှိပါဘူး။ စစ်ကောင်စီအနေနဲ့ စစ်ဘေးရှောင်စခန်းတွေဆီ ကူညီရေးပစ္စည်းတွေ ပို့ဆောင်ပေးနေတဲ့ လူငယ်တွေ၊ ဒုက္ခသည်တွေကို အကူအညီပေးနေတဲ့ ဆရာဝန်တွေကို ဖမ်းဆီးတာ၊ ပစ်ခတ်တာတွေကိုလည်း လုပ်နေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ စစ်ကောင်စီ အာဏာသိမ်းပြီးနောက်ပိုင်း ကျန်းမာရေး ဝန်ထမ်းတွေအပေါ် တိုက်ခိုက်မှု ၁၇၉ ခုအထိရှိခဲ့ပြီး ၁၃ ဦး အသတ်ခံခဲ့ရတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ဇွန် ၉ ရက်ကလည်း တနင်္သာရီတိုင်း၊ ထားဝယ်မြို့မှာ ကျန်းမာရေးနဲ့ ဆေးဝါးစောင့်ရှောက်မှုတွေ လုပ်နေတဲ့ နယ်စည်းမထား ဆရာဝန်များအဖွဲ့ (MSF) ကို လုပ်ငန်းတွေရပ်ဆိုင်းဖို့ စစ်အာဏာပိုင်တွေက အမိန့်ပေးခဲ့ပါတယ်။ ဒါကိုကြည့်ရင်လည်း နိုင်ငံရေးနဲ့နီးနွယ်ပြီး လုပ်ဆောင်လေ့မရှိဘဲ ဟန်နရီဒူးနန့်ရဲ့ အယူအဆအပေါ်ကိုသာ အခြေခံဆောင်ရွက်ကြတဲ့ အကူအညီပေးရေး အဖွဲ့အစည်းတွေကိုပင်လျှင် စစ်ကောင်စီဘက်က တားမြစ်ပိတ်ပင်မှုတွေလုပ်တာကို ထင်ရှားစေပါတယ်။ ဒီမတိုင်ခင် ဇွန် ၃ ရက်မှာတော့ ICRC အဖွဲ့ အကြီးအကဲ Peter Maurer နဲ့ အာဏာသိမ်းစစ်ကောင်စီတို့ တွေ့ဆုံခဲ့ပြီး အကျဉ်းထောင်တွေကို ပြန်လည်သွားရောက်ခွင့်ပြုဖို့၊ ပဋိပက္ခဖြစ်နေတဲ့ ဒေသတွေဆီ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေ ပိုမိုရရှိစေနိုင်ဖို့ ICRC က တောင်းဆိုခဲ့ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံရေးအရ ဖိအားလည်းပေး၊ လူသားချင်းစာနာမှု အကူအညီပေးတဲ့ လမ်းကြောင်းပုံစံကလည်း စဉ်းစားစရာပါ။ မြန်မာနိုင်ငံအတွက် အာဆီယံရဲ့ ဘုံသဘောတူညီချက် ငါးချက်ဟာ ဒီသဘောတရားအတိုင်း ချဉ်းကပ်ထားတယ်လို့ ယူဆနိုင်ပါတယ်။ အာဆီယံရဲ့ ဘုံသဘောတူညီချက် အမှတ်လေးမှာ မြန်မာနိုင်ငံကို လူသားချင်းစာနာမှု အကူအညီတွေပေးရေးဆိုတာ ပါဝင်ပါတယ်။ ဒီအချက်ကို တခုတည်း ကွက်ဖြေရှင်းတာမျိုးမဟုတ်ဘဲ ကျန် နိုင်ငံရေးအဖြေရှာရေး အချက်တွေဖြစ်တဲ့ အကြမ်းဖက်မှုတွေအဆုံးသတ်ဖို့၊ အာဆီယံအထူးကိုယ်စားလှယ်ခန့်ဖို့၊ အင်အားစုအသီးသီး အပြုသဘောဆောင်တဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာကြဖို့ ဆိုတာတွေနဲ့ ချိတ်ဆက်ထားမှုသာ ဖြစ်ပါလိမ့်မယ်။ အာဆီယံရဲ့လမ်းစဉ်ဟာ အာဏာသိမ်းစစ်ကောင်စီကို နိုင်ငံရေးအရ တစုံတရာဖိအားပေးနိုင်သလို မြန်မာနိုင်ငံကို အကူအညီပေးနိုင်မယ့် ဖြေရှင်းချက်အဖြစ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီနဲ့ ဥရောပသမဂ္ဂလို အဖွဲ့အစည်းတွေရဲ့ ရှုမြင်ထားပုံကလည်း ဒီ ချိတ်ဆက်အကောင်အထည်ဖော်ရေး အယူအဆ အရေးပါတယ်ဆိုတာကို ထင်ရှားစေပါတယ်။ နိုင်ငံတကာရဲ့လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေး အစီအစဉ်တွေက အာဏာသိမ်းစစ်ကောင်စီအတွက် နိုင်ငံရေးထွက်ပေါက်သဖွယ် အသုံးချနိုင်မယ့် အခင်းအကျင်း ဖြစ်မသွားစေဖို့ ဂရုပြုသင့်တာအမှန်ပါပဲ။ လူသားချင်းစာနာမှု ကိစ္စရပ်တွေကို နိုင်ငံရေးနဲ့ခွာပြီး ချဉ်းကပ်တာ (သို့မဟုတ်) ယှဉ်တွဲပြီး စဉ်းစားလေ့ရှိတဲ့ ပုံစံတွေက အကျိုးရလဒ် ကွဲပြားလေ့ရှိတာကြောင့် လက်ရှိမြန်မာ့အရေးအတွက်အလေးထားသင့်တဲ့အကြောင်းအချက်ဖြစ်ပါတယ်။

**Further Readings**

Barnett, M. (2005). Humanitarian transformed. *Perspectives on Politics,* 3(4), 723–740.

Allen, T., & Schomerus, M. (2012). *Complex emergencies and humanitarian responses.* University of London.

International Crisis Group. (2002). *Myanmar: The politics of humanitarian aid.*